**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၃၁ / ၂၀၂၃
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂-၁၀-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက (DCA)ထွေ(၁၀/၀၁)

၁။ မြန်မာအလံလွှင့်ထူထားသည့် နိုင်ငံခြားခရီးစဉ်သွားသင်္ဘောများအနေဖြင့် Maritime Safety Information ၊ Navigational Warnings နှင့် Updated Notices to Mariners များကို သင်္ဘောတွင်တပ်ဆင်ထားသည့် ဆက်သွယ်ရေးကိရိယာများဖြစ်သော Satellite Communication Equipment များ၊ VHF/MF/HF ရေဒီယိုများ၊ DSC နှင့် Navtex Receiver တို့မှ နေ့စဉ်ပုံမှန် ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ရေကြောင်းအာဏာပိုင်များ၊ သင်္ဘော ကုမ္ပဏီနှင့် ကမ်းခြေစခန်းများမှ သတင်းပေးပို့ချက်များကို အချိန်နှင့်တစ်ပြေးညီ ရယူ၍လည်းကောင်း ရေကြောင်းသတိပေးချက်များနှင့် မိုးလေဝသသတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ရယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်၏ Missile Test Firing Practice အား ဘင်္ဂလား ပင်လယ်အော်အတွင်း ၃-၁၀-၂၀၂၃ ရက်နေ့တွင် မြန်မာစံတော်ချိန် ၀၇:၀၀ နာရီ မှ ၁၉:၀၀ နာရီအထိ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လေ့ကျင့်ရေးဧရိယာမှာ မောင်းတောမြို့၏ အနောက်ဘက် ၈၃ ကီလိုမီတာတစ်ဝိုက်တွင် သက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ဗြိတိန်နိုင်ငံ UK Hydrographic Office (UKHO) က ကမ္ဘာနှင့်အဝှမ်း သက်ဆိုင်ရာနေရာဒေသအလိုက် ရေပုံ(Chart) အညွှန်းများဖြင့် အပတ်စဉ်၊ နှစ်စဉ် ပုံမှန်ထုတ်ဝေ လျှက်ရှိသော Notices to Mariners အပြင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မည့် မြန်မာရေယာဉ်များအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ တို့ကအသီးသီးထုတ်ပြန်လျက်ရှိသော ရေကြောင်းသတိပေးချက်(Notice to Mariners)များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အောက်ဖော်ပြပါ Website များတွင် ဝင်ရောက် ကြည့်ရှုနိုင်ပါ

ကြောင်းနှင့် သတိပြုလိုက်နာ ရှောင်ရှားမောင်းနှင်နိုင်စေရေးအတွက် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)